# နဝကမ္မနှင့် ကပ္ပိယရဲ့ အခန်းကဏ္ဍ

## ၁။ သာသနာတော်မှာ ငွေနဲ့ ကပ္ပိယ

Dr. အောင်သူ ။ ။ ဝိနည်းလေးစားတဲ့ ရဟန်းတော်များ ငွေမကိုင်ဘဲ ချမ်းချမ်းသာသာ သာသနာတော်မှာ နေနိုင်ဖို့ ကပ္ပိယကောင်းတွေ အများကြီး လိုမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ကပ္ပိယကောင်းလိုမယ့် အပြင် သာသနာတော်ဆိုင်ရာ ဗဟုသုတလည်း လိုပါဦးမယ်။

M.Sc ကျောင်းသား ။ ။ ဘယ်လိုဗဟုသုတများပါလဲဘုရား။

ဆရာတော် ။ ။ သိစရာတော့ အများကြီးပေါ့လေ၊ အခုတော့ ကပ္ပိယက ငွေကိုအပ်စပ်အောင် စီမံဆောင်ရွက်တဲ့ ဗဟုသုတပြောပြမယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မြတ်စွာဘုရားရှင်က ရွှေငွေများနဲ့ပတ်သက်

ပြီးတော့ ကိုယ်တိုင်လည်း မခံယူရဘူး၊ သူ
တစ်ပါးကိုလည်း မခံယူစေရဘူး၊ အနားမှာ
ထားတာကိုလည်း မသာယာရဘူးလို့ မိန့်ကြား
တော်မူတာရှိတယ်။ ရဟန်းက ရွှေငွေတွေနဲ့
ရောင်းဝယ်တဲ့
သဘောလည်း မပြုရဘူးတဲ့။

M.Sc ကျောင်းသား ။ ။ ငွေကိုရေလိုသုံးနေတဲ့ ခေတ်ကြီးမှာ အဲဒီလို ငွေမပါဘဲနဲ့ ဘယ်လိုလုပ်ပြီး သာသနာပြုမလဲ။ လောကကြီးထဲမှာ နေရတာ အစစအရာရာ အခက်အခဲဖြစ်သွားမယ် ထင်ပါတယ်ဘုရား။

Dr. အောင်သူ ။ ။ ဒီနေ့အချိန်အထိ ငွေ မကိုင်ဘဲနဲ့ ဝိနည်းကို လေးစားတဲ့ ဆရာတော် သံဃာတော်များ တပည့်တော်တို့ တိုင်းပြည်မှာရှိတာကို ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ။ ။ ဒကာကြီး မြန်မာ့မြေ ပေါ်မှာ ဘုရားအဆုံးအမ သာသနာတော် ရှိနေသေးတဲ့အတွက် သီလ ပြည့်စုံတော်မူကြတဲ့ ပုဂ္ဂိုလ်မြတ်တွေ ဒီနိုင်ငံမှာ အများကြီး ရှိပါသေးတယ်။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော် ဝမ်းမြောက်ပါတယ် ဘုရား။ သာသနာတော်အတွက် အားလည်းရှိပါတယ်ဘုရား။

M.Sc ကျောင်းသား ။ ။ ဒုတိယသင်္ဂါယနာ တင်ခဲ့ရတာက ရဟန်းတွေ ငွေကိုင်တာနဲ့ အရက်နုနုကို သောက်ခွင့်ရှိတယ် ဆိုတဲ့ အကြောင်းကိစ္စတွေ ပေါ်ပေါက်လာလို့ ဆိုတာ တပည့်တော် ဖတ်ဖူးပါတယ်ဘုရား။ မှန်ပါသလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ အဓမ္မဝတ္ထု အကြောင်းဆယ်ပါးထဲက နှစ်ပါးပေါ့ မောင်ကျောင်းသား။

Dr. အောင်သူ ။ ။ အခုလို ငွေမကိုင်ဘဲနဲ့ အာပတ်မသင့်အောင် ဆရာတော်များက ဘယ်လိုများ နေကြရပါသလဲ ဘုရား။

ဆရာတော် ။ ။ ဒကာ ဒကာမများဘက်ကရဟန်းတော် တို့ကို ဝိနည်းနဲ့ လျော်ညီအောင် လျှောက်ထားနိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ်။

Dr. အောင်သူ ။ ။ အဲဒီလို ဝိနည်းနဲ့အညီ လျှောက်ထားနည်းကို လည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ဝတ္ထုငွေကြေးကိုတော့ ရဟန်းလက်ဝယ် လှူ ဒါန်းလို့မရဘူး။ ဘုရားခွင့်ပြုတော်မူတဲ့ အပ်စပ်တဲ့ ပစ္စည်းပဲ အလှူခံရပါမယ်။ ဒါကို လျှောက်တတ်ဖို့တော့ လိုပါတယ်။ *"အရှင်ဘုရားအတွက် (၅၀၀၀) ကျပ်တန် အပ်စပ်တဲ့ပစ္စည်း တပည့်တော် လှူဒါန်းပါ့မယ်ဘုရား။ လိုအပ်တဲ့အခါ အလှူခံတော်မူပါဘုရား။ ကပ္ပိယညွှန်းတော်မူပါဘုရား။ လုံခြုံရာအရပ်ကို ညွှန်းတော်မူပါဘုရား"* လို့ ပြည့်ပြည့်စုံစုံ လျှောက်ရတယ်။

Dr. အောင်သူ ။ ။ ရဟန်းက ညွှန်းတဲ့ ကပ္ပိယက ခုနကလို လျှောက်ထားရင် အလှူခံလို့ရပြီလား ဘုရား။

ဆရာတော် ။ ။ ရဟန်းက အလိုရှိတဲ့ အခါမှာ ဆွမ်း၊ သင်္ကန်း ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ကပ္ပိယဆီက အလှူခံလို့ရပါပြီ။ အပ်နှံထားတဲ့ငွေကိုတော့ လုံးဝ လုံးဝကို အလှူခံခွင့် မရှိပါဘူး။ ပစ္စည်း လေးပါးကိုပဲ အလှူခံရပါမယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ လျှောက်ထားတာ ကြည့်လေ။ *"အရှင်ဘုရား အလိုရှိတဲ့အခါမှာ (၅၀၀၀)ကျပ်တန် ပစ္စည်းကို လှူဒါန်းပါမယ်။ အလှူခံတော်မူပါဘုရား"* လို့ လျှောက်ထားတယ်လေ။ ငွေ (၅၀၀၀) ကျပ်ကို အလှူခံပါလို့ လျှောက်ထားတာမှ မဟုတ်တာ၊ ငါးထောင်ကနေ ဖြစ်ပေါ်လာတဲ့ပစ္စည်းကို အလှူခံဖို့ လျှောက်တာနော်။ လျှောက်တဲ့စကား အဓိပ္ပာယ်ကို သတိကြီးကြီး ထားရမယ်နော်။

M.Sc ကျောင်းသား ။ ။ မှတ်မိပါပြီဘုရား။

ဆရာတော် ။ ။ ဒါယကာ လှူဒါန်းထားတဲ့ နဝကမ္မဝတ္ထုငွေကို ကပ္ပိယကာရကက အပ်အပ်စပ်စပ် လျှောက်ထားပြီး ကပ္ပိယလက်ဝယ် ထားမယ်ဆိုရင် ဝိနည်းအပြစ် မရှိနိုင်ပါဘူး။ သို့သော် နဘူးကျောင်းဆရာတော်ကြီးက *"ငါ့ပိုက်ဆံ ကပ္ပိယလက်ထဲ ဘယ်ရွေ့ ဘယ်မျှလောက် ရှိနေသေးတယ်ဆိုတဲ့ တဏှာ လောဘက ဖြစ်နေဦးမှာမို့ ကပ္ပိယကိုပါ ပယ်လိုက်တော့ ဖြစ်ခွင့်ရှိတဲ့ကိလေသာ မဖြစ်တော့ဘူးပေါ့"* လို့ မိန့်တော်မူပါတယ်။

M.Sc ကျောင်းသား ။ ။ အံ့သြစရာပါပဲဘုရား။

Dr. အောင်သူ ။ ။ ငွေကြေးကြောင့် ရဟန်းတွေမှာလည်း မှားယွင်းနိုင်သလို ကပ္ပိယမှာလည်း မှားနိုင်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မှားတတ်တယ်၊ မှားတတ်တယ် လူထွက်တဲ့အထိ မှားတတ်တယ်၊ သာဓက တစ်ခုပြောပါဦးမယ်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါကာလက ရဟန်းငယ်တစ်ပါး ငွေအသပြာတစ်ရာရလိုက်တာ လူထွက်ချင်စိတ်ကို ဖြစ်သွားပါလေရောဗျာ။

M.Sc ကျောင်းသား ။ ။ ရဟန်းက ငယ်ငယ်လေးလားဘုရား။

ဆရာတော် ။ ။ စာမှာတော့ ရဟန်းငယ်လို့ပဲ ပြထားပါတယ်။

သူ့မှာ ငွေတစ်ရာရလာပုံက ဒီလို။ သူ့ခမည်းတော်ကြီး မသေခင် သပိတ် သင်္ကန်းဖိုး အသပြာတစ်ရာကို ဘထွေးဆီ အပ်နှံထားခဲ့တယ်။ ရဟန်းက ဇာတိရွာကို ကြွလာတဲ့အခါမှာ ဘထွေးကလျှောက်တော့ သူက *"အသပြာတစ်ရာနှင့်ဆိုရင် ငါအသက်မွေးလို့ရပြီ"*လို့ စိတ်ကူးယဉ်တော့သတဲ့။

Dr. အောင်သူ ။ ။ ငွေမရှိခင်က စိတ်ကူးယဉ်စရာမရှိတော့ လူထွက်ချင်စိတ်ပေါက်မှာ မဟုတ်လောက်ဘူးဘုရား။

ဆရာတော် ။ ။ မှန်တယ်။ သူ့လက်ထဲမှာ ငွေအသပြာ တစ်ရာ မရှိခင်တုန်းက လူထွက်ချင်စိတ် မပေါက်သေးဘူးလေ။ အခု အသပြာတစ်ရာလည်း ရှိလာရော လူထွက်ချင်စိတ် ပေါက်သွားတယ်။ သာသနာဝေါဟာရနှင့်တော့ သာသနာမှာ ငြီးငွေ့တယ်လို့ ခေါ်ပါတယ်။ ဒါနှင့်ပဲမြတ်စွာဘုရားရှင် ထံတော်ပါးကို ခေါ်သွားကြတယ်။ ဘုရားရှင်က *"ဘာဖြစ်လို့ လူထွက်ချင်ရတာတုံး အသက်မွေးဝမ်းကြောင်း တစ်စုံတစ်ခုကော ရှိရဲ့လား"*လို့ မေးတော်မူတော့ *"ရှိပါတယ်ဘုရား တပည့်တော်မှာ ငွေအသပြာ ရှိတယ်"*တဲ့။ *"ငွေဘယ်လောက်ရှိသလဲ"*လို့ မေးတော်မူတော့ *"ငွေတစ်ရာ ရှိပါတယ်ဘုရား"*တဲ့။ ဒါနဲ့ မြတ်စွာဘုရားက ကျောက်စရစ်ခဲလေးတွေ ယူခဲ့ပါဦးလို့ သူ့ကိုခိုင်းလိုက်တယ်။ မြတ်စွာဘုရားရှင်က ပဥ္စင်းငယ်ရဲ့ရှေ့မှာ ကျောက်စရစ်ခဲတွေကို ပုံပြီးတော့မှ ဟောဒီမှာ အသပြာငါးဆယ်ကတော့ ရှေးဦးအိမ်ထောင် ပစ္စည်းပစ္စယတွေအတွက်ကို ဖယ်ပေးတော်မူပါတယ်။ ပြီးတော့မှ နှစ်ဆယ့်လေး အသပြာကို နွားနှစ်ကောင်အတွက်ကို ဖယ်ပေး

တော်မူတယ်။ ခုနှစ်ဆယ့်လေး အသပြာ ကုန်သွားပြီနော်။ ဒါနဲ့ *“ချစ်သားတဲ့ ထွန်တုန်းဝယ်ဖို့ ထယ်ဝယ်ဖို့ ပေါက်တူးဝယ်ဖို့ ပဲခွပ်ဝယ်ဖို့ ပုဆိန်ဝယ်ဖို့ ပဲမျိုးစေ့ဝယ်ဖို့ ဖရုံမျိုးစေ့ဝယ်ဖို့ ဘူးမျိုးစေ့ဝယ်ဖို့ သခွားမျိုးစေ့ဝယ်ဖို့ စပါးမျိုးစေ့ဝယ်ဖို့ ပြောင်းဖူးမျိုးစေ့ ဝယ်ဖို့ရာ ရှိသေးတယ်။ ဝယ်စရာက အများကြီး ကျန်သေးတယ်တဲ့။ အဲဒီတော့ ချစ်သားရဲ့ အသပြာတစ်ရာက ဘာမှမလုပ်လောက်တော့ဘူး”* လို့ မိန့်ကြားတော်မူတယ်။ အဲဒါနဲ့ သူကလည်း သတိသံဝေဂရပြီး သာသနာတော်မှာ မြဲသွားတယ် မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ အခုလို သာသနာတော်မှာ ရဟန်းဘဝမြဲသွားတယ်ကြားရလို့ ဝမ်းမြောက်ပါတယ်ဘုရား။ သာဓုခေါ်ပါတယ်ဘုရား။

---

ကျမ်းညွှန်း
* ပဥ္စဂေါရသာဒိအနုဇာနနာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၃၄၂)
* ရူပိယသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ ပါရာဇိကပါဠိ (နှာ-၃၄၄-၃၄၇)
* ဒုတိယဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၅၀၈)
* ပဥ္စဂေါရသာဒိအနုဇာနနာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၃၄၂)
* ပဌမဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၄၉၁)
* အနဘိရတဘိက္ခုဝတ္ထု၊ ဗုဒ္ဓဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ-ဒု (နှာ-၁၅၅)